**Ministry Of Sports Affairs**

**အားကစားရေးရာဝန်ကြီးဌာန**

**သတင်းလွှာ**

Monthly Newsletter | Volume 4, No.7 July 2026

## ၂၀၂၆ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ





နေပြည်တော်၊ ဇူလိုင် ၁

အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရိုးရာခြင်းလုံး အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် “၂၀၂၆ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ” ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းမောင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးတင်ဦးလွင်၊ ဦးမြင့်ကြိုင်၊ ဦးမောင်မြင့်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ နာယက၊ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနကိုယ်စားပြု ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ခဲ့သည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိလာစေရေး၊ မြန်မာ့ရိုးရာခြင်းလုံးခတ်ကစားခြင်းကို ပြည်သူလူထုအတွင်း တစ်နှစ်ထက်တစ်နှစ် စိမ့်ဝင်တိုးတက်လာစေပြီး “ခြင်းလုံးအစ မြန်မာက” ဆိုသည့် ဆိုရိုးစကားအရ ကမ္ဘာသို့တိုင်အောင် ဖော်ဆောင်နိုင်ရေး၊ မြန်မာ့ရိုးရာခြင်းလုံးအားကစားဖွံ့ဖြိုးတိုးတက်လာစေရေး၊ မျိုးဆက်သစ် ရွက်ပုန်းသီးအားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ် တစ်ရပ်အဖြစ် ထိန်းသိမ်းမြှင့်တင်ပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရေးတို့အတွက် ရည်ရွယ်၍ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများကို ကျင်းပပေးရခြင်း ဖြစ်ပါကြောင်း၊ မြန်မာ့ရိုးရာခြင်းလုံး အားကစားနည်းသည် မြန်မာတို့၏ ရှေးမြန်မာဘုရင်မင်းများလက်ထက်မှစ၍ ခေတ်အဆက်ဆက် တန်ဖိုးထား လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့သည့် မြန်မာ့ရိုးရာအားကစားနည်းဖြစ်ပါကြောင်း၊ ရိုးရာခြင်းလုံးခတ်ကစားခြင်းသည် မြန်မာ့ယဉ်ကျေးမှုကို အခြေခံသည့် ရိုးရာအားကစားနည်းဖြစ်သည့်အပြင် အားကစားကွင်းဧရိယာ အကျယ်အဝန်းကျဉ်းကျဉ်းတွင် ကုန်ကျစရိတ်နည်းနည်းဖြင့် လွယ်ကူစွာကစားနိုင်ခြင်း၊ တစ်ဦးတစ်ယောက်တည်းသာမက စုပေါင်းဝိုင်းဖွဲ့၍ အသက်အရွယ်မရွေးကစားနိုင်ပြီး ကျန်းမာရေးအတွက် များစွာအထောက်အကူပြုသည့် အားကစားနည်းတစ်ခုလည်းဖြစ်ပါကြောင်း၊ ရိုးရာခြင်းလုံး ခတ်ကစားနည်း၏ ဆောင်ပုဒ်ဖြစ်သော “အပေးအယူ ချစ်ကြည်ဖြူ ခြင်းမူစာဂ မျှစိတ္တ” ဆိုသည့်အတိုင်း ခြင်းလုံးအားကစားနည်းသည် မိမိတစ်ဦးတည်း တစ်ကိုယ်ကောင်း ဆန်ဆန်မကစားရဘဲ ခြင်းဝိုင်းအတွင်း တစ်ဦးနှင့်တစ်ဦး အပေးအယူညီမျှသည့်စိတ်၊ ချစ်ခင်ကြည်ဖြူသည့်စိတ်၊ တရားမျှတသည့်စိတ်များ မွေးမြူဖော်ဆောင်ပြီး ကစားရသည့်အတွက် မြန်မာ့စရိုက်၊ မြန်မာ့အကြိုက်နှင့် ကိုက်ညီသည့် အားကစားနည်းဖြစ်ပါကြောင်း၊ မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်း အနေဖြင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၁၈ ခု၊ ငွေတံဆိပ် ၄ ခု၊ ကြေးတံဆိပ် ၂ ခု၊ စုစုပေါင်း ဆုတံဆိပ် ၂၄ ခုကို နိုင်ငံတော်အတွက် ဆွတ်ခူးရယူပေးနိုင်ခဲ့ပါကြောင်း၊ လာမည့်နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ်များ ထပ်မံဆွတ်ခူးရယူပေးနိုင်ရန် အဖွဲ့ချုပ်မှတာဝန်ရှိသူများနှင့် အားကစားသမားများက ဆထက်ထမ်းပိုး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ ပြိုင်ပွဲဝင် အားကစားသမားများ အနေဖြင့် ယခုပြိုင်ပွဲမှ တဆင့်ချစ်ကြည်ပူးပေါင်းမှုရရှိပြီး ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး၊ မြန်မာ့ရိုးရာအမွေအနှစ်ကို ဆက်ခံထိန်းသိမ်း၍ ထူးချွန်ထက်မြက်သည့် ရိုးရာခြင်းလုံး အားကစားမောင်/မယ်များ ပေါ်ပေါက်လာစေရေးတို့အတွက် အစွမ်းကုန်ကြိုးပမ်း

စာမျက်နှာ ၂ သို့ ►

အောင်မြင်မှုအခြေခံ “စ” ခုနှစ်လုံးဆောင်ရန်

စိတ်ဓာတ်၊ စည်းကမ်း၊

စွမ်းအား၊ စည်းလုံးမှု

စံချိန်၊ စံညွှန်း၊ စံနှုန်း

ဇူလိုင်လ အတွက် သတင်းလွှာတွင်


| | | |
|---|---|---|
| ပြည်ထောင်စုဝန်ကြီးသတင်း | - | (၁၃) ပုဒ် |
| ဒုတိယဝန်ကြီးသတင်း | - | ( ၄ ) ပုဒ် |
| ဆောင်ပါးရှင် အောင်သူ(အား/ကာ) | - | ( ၁ ) ပုဒ် |
| ဆုရအားကစားသမားကြိုဆိုသည့်သတင်း | - | ( ၁ ) ပုဒ် |

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း ပဲခူးတိုင်းဒေသကြီး အားကစားဥယျာဉ်အတွင်း Football for School အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် အားကစားနည်းအလိုက် သင်တန်းသား/ သင်တန်းသူများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီးနောက် အားကစားကွင်း/ အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ ဇူလိုင် ၂

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိုဦး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်ဌေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဒေါက်တာ ထူးခြားအောင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးတို့နှင့်အတူ တာဝန်ရှိသူများ လိုက်ပါလျက် ပဲခူးတိုင်းဒေသကြီး အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး၊ အားကစား ဥယျာဉ်အတွင်းရှိ အားကစားကွင်း/အားကစားရုံများနှင့် Football for School အစီအစဉ်ဖြင့် အားကစားနည်း အလိုက် သင်တန်းသား/သင်တန်းသူများ၏ လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ ပဲခူးတိုင်းဒေသကြီး အားကစားဥယျာဉ်သို့ သွားရောက်၍ အားကစားကဏ္ဍ မြင့်မားစေရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ရက် ၁၀၀ အတွင်း Football for School အစီအစဉ်အဖြစ် အခြေခံဘောလုံးအားကစားသင်တန်းတွင် နည်းပြ ၂၀ ဦးတို့က သင်တန်းသား/ သင်တန်းသူ ၂၀၀ ဦးတို့ကို ဘောလုံးနည်းစနစ်များ စနစ်တကျ လေ့ကျင့် သင်ကြားပေးနေမှု အခြေအနေများအားလည်းကောင်း၊ အခြေခံလက်ဝှေ့အားကစားသင်တန်းတွင် နည်းပြ ၃ ဦးတို့က သင်တန်းသား/ သင်တန်းသူ ၂၀ ဦးတို့ကို လက်ဝှေ့နည်းစနစ်များ စနစ်တကျ လေ့ကျင့်သင်ကြားပေးနေမှု အခြေအနေများအားလည်းကောင်း၊ အခြေခံကရာတေး အားကစားသင်တန်းတွင် နည်းပြ ၃ ဦးတို့က သင်တန်းသား/သင်တန်းသူ ၅၀ ဦးတို့ကို ကရာတေးနည်းစနစ်များ စနစ်တကျ လေ့ကျင့်သင်ကြားပေးနေမှု အခြေအနေများအားလည်းကောင်း လိုက်လံကြည့်ရှုအားပေးခဲ့ပြီးနောက် သင်တန်းသားများအတွက် အားကစားပစ္စည်းများနှင့် အင်အားဖြည့် Royal–D အချိုရည်များကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် ဝေါမြို့နယ်အားကစားကွင်းသို့ သွားရောက်၍ အားကစားကွင်း/

စာမျက်နှာ ၃ သို့ ►

မျက်နှာဖုံးမှ အဆက် ►

ယှဉ်ပြိုင်သွားကြရန် တိုက်တွန်းပြောကြားခဲ့ပြီး “၂၀၂၆ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ” ကို ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်ပြီး ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် (၄) ချက် ရွတ်ဆိုခဲ့ပြီးနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ နာယက၊ ဥက္ကဋ္ဌတို့နှင့်အတူ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ ပြိုင်ပွဲဝင်အသင်း (၁၄) သင်းအတွက် တစ်သင်းလျှင် ၁၀ သိန်းစီနှုန်းဖြင့် ငွေကျပ်သိန်း ၁၄၀ ကိုလည်းကောင်း၊ ပြိုင်ပွဲတွင် ပါဝင်ကူညီ အားဖြည့်ပေးခဲ့သည့် အ.ထ.က(၆)မှ ဘင်ခရာအဖွဲ့အတွက် ငွေကျပ် ၃ သိန်းကို လည်းကောင်း၊ ပြိုင်ပွဲတွင် ဒိုင်လူကြီးတာဝန် ထမ်းဆောင်မည့် ဒိုင်လူကြီးများအတွက် ငွေကျပ်သိန်း ၃၀ တို့ကိုလည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေများကို အသီးသီးပေးအပ်၍ ပြိုင်ပွဲဝင်အသင်းများကို လိုက်လံနှုတ်ဆက်ခဲ့ပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အတူ တာဝန်ရှိသူများသည် ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ၆ ပေါက်တန်း (အမျိုးသား) ပြိုင်ပွဲတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်း၊ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်းတို့၏ ယှဉ်ပြိုင်ခတ်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၆ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံး(အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ ၆ ရက်နေ့အထိ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ပြိုင်ပွဲကာလ ၆ ရက်ကြာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ၆ သင်း၊ စုစုပေါင်းပြိုင်ပွဲဝင်အင်အား ၂၅၃ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ပါ၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို “အခမဲ့” လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိအားကစားကွင်း/ အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေးခြင်းနှင့် ၂၀၂၆ ခုနှစ်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသား အငယ်တန်း ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတက်ရောက်





နေပြည်တော်၊ ဇူလိုင် ၃

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် ပဲခူးတိုင်းဒေသကြီး အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေးခြင်းနှင့် အရာထမ်း/အမှုထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားခဲ့ပြီးနောက် ၂၀၂၆ ခုနှစ်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသားအငယ်တန်း ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးနောက်ဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းအားကစားကွင်းနှင့် အားကစားရုံတို့အား အားကစားကွင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး၊ အားကစားရုံ ရေရှည်တည်တံ့စေရေးတို့အတွက် ပုံမှန်ထိန်းသိမ်းဆောင်ရွက်သွားရန်၊ အားကစားကွင်းအတွင်း အားကစားလှုပ်ရှား လေ့ကျင့်ဆောင်ရွက်မှုများအား နေ့စဉ်မပြတ်ရှိစေရေးအတွက် စည်းရုံးဆောင်ရွက်သွားရန်နှင့် အားကစားလေ့ကျင့်ရန် လိုအပ်သည့် အားကစားအထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနရုံး၌ အရာထမ်း/အမှုထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ဝန်ထမ်းများအနေဖြင့် မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်နှင့်လုပ်ငန်းတာဝန်များ အောင်မြင်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်သွားရန်လိုကြောင်း၊ မြန်မာ့အားကစား အောင်မြင်စေရေး၊ တိုင်းဒေသကြီးအားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် တိုင်း/ခရိုင်/မြို့နယ်/ကျေးရွာနှင့် ကျောင်းအားကစားပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပြုလုပ်ပေးနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ ဦးဆောင်မှုနှင့်အတူ သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများနှင့် လိုအပ်ချက်များရှိပါက အထက်အကြီးအကဲများထံ အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြနိုင်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိသားစုသက်သာချောင်ချိစေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် မိမိတို့နေထိုင်သည့် အိမ်ရာပတ်ဝန်းကျင်များတွင် သန့်ရှင်းရေးများဆောင်ရွက်ပြီး တစ်ပိုင်တစ်နိုင် သီးပင်စားပင်များကို စိုက်ပျိုးသွားရန်မှာကြားခဲ့ပြီး ဝန်ထမ်းများက အခက်အခဲများကိုတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဝန်ထမ်းများ သက်သာချောင်ချိစေရေးအတွက် စားသောက်ကုန်ပစ္စည်းဖြစ်သည့် (ကြက်ဥ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူးနှင့် ဆီ)တို့ကို ပေးအပ်ခဲ့သည်။

စာမျက်နှာ ၄ သို့ ►

စာမျက်နှာ ၂ မှ အဆက် ►

ကွင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး၊ ဘောလုံးကွင်းမြက်ခင်းများစိမ်းလန်းစိုပြည်စေရေး၊ အားကစားကွင်းအင်္ဂါရပ်နှင့် လျော်ညီအောင် ဂိုးတိုင်/ဂိုးပိုက်များကို စနစ်တကျ တပ်ဆင်သွားရန်လိုကြောင်း၊ မိုးတွင်းကာလဖြစ်၍ ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများကို ပုံမှန်သန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်သွားရန်နှင့် အဆောက်အဦများ ရေရှည်တည်တံ့အောင် ပြုပြင်ထိန်းသိမ်း ရေးလုပ်ငန်းများကို အချိန်မီပြုပြင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကိုလိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အားကစားကွင်း၌ ကျင်းပသည့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသား(အလွတ်)တန်း ဘောလုံးပြိုင်ပွဲတွင် ကျိုက်လှအသင်းနှင့် နောင်ပတ္တရာအသင်းတို့၏ အကြိတ်အနယ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မျိုးချစ်စိတ်ဓာတ် ထက်သန်ရေး အားကစားကို အစဉ်အားပေး**

# မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် (ဝတ္တုတို၊ ဆောင်းပါး၊ ကဗျာနှင့် ခေတ်ပုံ) ပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားသို့တက်ရောက်






ရန်ကုန်၊ ဇူလိုင်လ ၄

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် (ဝတ္တုတို၊ ဆောင်းပါး၊ ကဗျာနှင့် ခေတ်ပုံ) ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်(၁၀:၀၀)နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျိုက္ကဆံကွင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီတွဲဖက်ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအားကစားမီဒီယာများ အဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့်အမှုဆောင်များ၊ ဆုရစာပေနှင့်ခေတ်ပုံပညာရှင်များ၊ ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအဖွင့်အမှာစကားပြောကြားရာတွင် အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေး၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိစေရေး၊ အားကစားနည်းအလိုက် မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေပြီး အမိနိုင်ငံတော်၏ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးနိုင်စေရေးတို့အတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်စဉ်နှစ်တိုင်း ဒီဇင်ဘာလကို လူထုအားကစားလအဖြစ်သတ်မှတ်

စာမျက်နှာ ၅ သို့ ►

စာမျက်နှာ ၃ မှ အဆက် ►

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဋ္ဌေးအောင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌတို့နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏရှိ ဘိလိယက်နှင့်စနူကာ အားကစားခန်းမ၌ ကျင်းပလျက်ရှိသည့် ၂၀၂၆ ခုနှစ်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသားအငယ်တန်း ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှု အားပေးခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ အမျိုးသားဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် ရမှတ် ၈၀ မှတ်ဖြင့် Highest Break အမှတ်အများဆုံးဆုရရှိသည့် အောင်နိုင်စိုး (ရန်ကုန်တိုင်းဒေသကြီး)ကို စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာထူးမောင်က ဆုဖလားနှင့် ဆုကြေး ငွေကျပ် ၅ သိန်းကိုလည်းကောင်း၊ တတိယဆုရရှိသည့် အောင်နိုင်စိုး (ရန်ကုန်တိုင်းဒေသကြီး)ကို ပြန်ကြားရေး၊ ကယ်ဆယ်ရေးနှင့် သာသနာရေးဝန်ကြီး ဦးနေလင်းထွန်းက ဆုဖလားနှင့် ဆုကြေးငွေ ကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသည့် နေလင်းဦး (ဧရာဝတီတိုင်းဒေသကြီး)ကို လူမှုရေးရာဝန်ကြီး ဦးဖိုလ်ဌေးက ဆုဖလားနှင့် ဆုကြေးငွေ ကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ ပထမဆုရရှိသည့် ကျော်ဝင်းလှိုင်(မန္တလေးတိုင်းဒေသကြီး)ကို စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမေသန်းနွယ်က Champion ဆုဖလားနှင့် ဆုကြေးငွေ ကျပ်သိန်း ၅၀ ကို လည်းကောင်း၊ အမျိုးသားစနူကာ တစ်ဦးချင်းပြိုင်ပွဲတွင် ရမှတ် ၆၄ မှတ်ဖြင့် Highest Break အမှတ်အများဆုံးဆုရရှိသည့် ကျော်စွာဝင်း (ဧရာဝတီတိုင်းဒေသကြီး)ကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးက ဆုဖလားနှင့် ဆုကြေးငွေ ကျပ် ၅ သိန်းကိုလည်းကောင်း၊ တတိယဆုရရှိသည့် မှူးဝေယံ(ကရင်ပြည်နယ်)ကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဋ္ဌေးအောင်က ဆုဖလားနှင့် ဆုကြေးငွေ ကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသည့် ချစ်မျိုးဦး (မန္တလေးတိုင်းဒေသကြီး)ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်နိုင်သူက ဆုဖလား နှင့် ဆုကြေးငွေ ကျပ်သိန်း ၂၀ ကို လည်းကောင်း၊ ပထမဆုရရှိသည့် ကျော်စွာဝင်း (ဧရာဝတီတိုင်းဒေသကြီး)ကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက Champion ဆုဖလားနှင့် ဆုကြေးငွေကျပ် သိန်း ၅၀ ကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ၂၀၂၆ ခုနှစ်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသားအငယ်တန်း ဘိလိယက်နှင့်စနူကာပြိုင်ပွဲကို ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့မှ ဇူလိုင်လ ၃ ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏရှိ ဘိလိယက်နှင့်စနူကာ အားကစားခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဘိလိယက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမား ၂၄ ဦး၊ စနူကာပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမား ၇၈ ဦး၊ စုစုပေါင်း အားကစားသမားအင်အား ၁၀၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

# ၂၀၂၆ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ (အမျိုးသား/အမျိုးသမီး) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ





နေပြည်တော်၊ ဇူလိုင် ၆

အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် "၂၀၂၆ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင် ပွဲ" (ဆဋ္ဌမနေ့) (အမျိုးသား/အမျိုးသမီး) ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားရုံ (A) ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဦးသန်းမောင်၊ ဒေါက်တာသက်သက်ဇင်၊ ဦးတင်ဦးလွင်၊ ဒေါက်တာမောင်သင်း၊ ဒေါက်တာစိုးဝင်း၊ ဒေါ်နိုင်သက်ဦး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ အရာထမ်း/အမှုထမ်းများ၊ ဝန်ကြီးဌာန ကိုယ်စားပြုပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ခဲ့သည်။

ယနေ့ ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ (အမျိုးသား/အမျိုးသမီး) ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် Linking Event–3 (အမျိုးသမီး) ပြိုင်ပွဲတွင် ပညာရေးဝန်ကြီးဌာနအသင်းက ရမှတ် ၄၁၆ မှတ်ဖြင့် ဒုတိယဆုကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၄၃၀ မှတ်ဖြင့် ပထမဆုကိုလည်းကောင်း၊ Linking Event–3 (အမျိုးသား) ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၄၉၉ မှတ်ဖြင့် ဒုတိယဆုကိုလည်းကောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်း က ရမှတ် ၅၀၆ မှတ်ဖြင့် ပထမဆုကိုလည်းကောင်း၊ ၄ ပေါက်တန်း (အမျိုးသမီး)ပြိုင်ပွဲတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ရမှတ် ၆၂၂ မှတ်

စာမျက်နှာ ၆ သို့ ►

စာမျက်နှာ ၄ မှ အဆက် ►

၍ လူထုစုပေါင်းလမ်းလျှောက်ပွဲများကျင်းပပေးခြင်း၊ နိုင်ငံတော်၏ နေ့ထူးရက်မြတ်များဖြစ်သည့် လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့စသည့် နေ့ရက်များတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ အားကစားပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိပြီး အားကစားကဏ္ဍ ပိုမိုတိုးတက်မြင့်မားလာစေရန် အထောက်အကူဖြစ်စေမည့် အားကစားကလောင်ရှင်များ၏ ကလောင်စွမ်းရည်များဖြင့် အားကစားလှုပ်ရှားမှုများကို ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ်(ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံ) ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးခဲ့ပြီး ဆုရရှိခဲ့ကြသူများကိုလည်း စိစစ်ရွေးချယ်၍ ဂုဏ်ပြုဆုကြေးငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ထိုက်ထိုက်တန်တန် ပေးအပ်ချီးမြှင့်ပေးလျက်ရှိပါကြောင်း၊ လူတစ်ဦးချင်းမှသည် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူလူထုအတွင်း အားကစားလှုပ်ရှားဆောင်ရွက်မှုများ နေ့စဉ်ဆောင်ရွက်ရန်လိုအပ်ပုံကို သိရှိနားလည်စေပြီး၊ အများပြည်သူ စိတ်ပါဝင်စားလာစေရန်နှင့် ပင်ကိုယ်ကျန်းမာရေးအသိဖြင့် အားကစားလှုပ်ရှားမှုကို နေ့စဉ်ပုံမှန်ပြုလုပ်၍ ကိုယ်တိုင်ပါဝင်ဆင်နွှဲ လာစေရေးတို့အတွက် ကလောင်စွမ်း၊ ဓာတ်ပုံပညာအစွမ်းများဖြင့် အားကစားအသိပညာဗဟုသုတများ ဖြန့်ဝေပေးခြင်း၊ ဆွဲဆောင်စည်းရုံးပေးခြင်း၊ စိတ်ဓာတ်မြှင့်တင်ပေးခြင်းဖြင့် အနာဂတ်တွင် မြန်မာ့အားကစား စဉ်ဆက်မပြတ် တိုးတက်မြင့်မား လာစေရန် ဦးတည်လျက် နောင်လာမည့်နှစ်များတွင်လည်း ယခုထက်ပိုမိုကြိုးစားယှဉ်ပြိုင်ပေးသွားရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝဏ္ဏက ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ)ဆုများ ရွေးချယ်ခဲ့ခြင်းများနှင့် အလင်္ကာကျော်စွာ ဒါရိုက်တာပန်းချီစိုးမိုးက ဓာတ်ပုံဆုရွေးချယ်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက်အသီးသီး ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက်၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံ) ပြိုင်ပွဲတွင်ဆုရရှိခဲ့သူများ၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်နှင့် ဓာတ်ပုံပညာရှင်များကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်တို့က ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုကြေးငွေများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် စေတနာရှင်အလှူရှင်များက မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်သို့ အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ရာ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝဏ္ဏက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့ပြီးနောက် ဆုရရှိခဲ့သူများကိုယ်စား ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ပထမဆုရှင် ပြည့်ထူး(မင်းဘူး)က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူး၍ အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

# အားကစားရေးရာဝန်ကြီးဌာန ၂၀၂၆ ခုနှစ်၊ မိုးရာသီ အမျိုးသားရေးလူထုလှုပ်ရှားမှု အသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစေ့စိုက်ထည့်ပွဲအခမ်းအနားကျင်းပ



နေပြည်တော်၊ ဇူလိုင် ၇

ရာသီဥတု ပြောင်းလဲဖောက်ပြန်ခြင်း၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးခြင်း၊ သစ်တောများပြုန်းတီးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းအစရှိသည့် ကြီးမားသောသဘာဝဘေး အန္တရာယ်များကို တားဆီးကာကွယ်နိုင်ရန်၊ ပြန်လည်ကုစားပေးနိုင်ရန်အတွက် အရိုးရှင်းဆုံး နည်းလမ်းဖြစ်သည့် သစ်ပင်များစိုက်ပျိုးပြီး သစ်တောများကို ထိန်းသိမ်းကာကွယ်နိုင်ရန်နှင့် ငါးမျိုးစေ့များ တိုးပွားလာစေရန်၊ ငါးမျိုးစိတ်များမျိုးသုဉ်းခြင်းမှ ကာကွယ်နိုင်စေရန်

စာမျက်နှာ ၇ သို့ ►

စာမျက်နှာ ၅ မှ အဆက် ►

ဖြင့် ဒုတိယဆုကိုလည်းကောင်း၊ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနအသင်းက ရမှတ် ၆၅၁ မှတ်ဖြင့် ပထမဆုကိုလည်းကောင်း၊ ၆ ပေါက်တန်း (အမျိုးသား) ပြိုင်ပွဲတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းက ရမှတ် ၁၃၂၉ မှတ်ဖြင့် ဒုတိယဆုကို လည်းကောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းက ရမှတ် ၁၄၄၁ မှတ်ဖြင့် ပထမဆုကိုလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ အတိုးတက်ဆုံးအသင်း ဆုများရရှိသည့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ကို မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲဝင့်ထွဋ်တင်ကလည်းကောင်း၊ အတိုးတက်ဆုံးအသင်းဆုများရရှိသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်းတို့ကို မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်နာယက ဦးစိုးတင့်ကလည်းကောင်း၊ အတိုးတက်ဆုံးအသင်းဆုများရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ အလုပ်သမားဝန်ကြီးဌာနအသင်းတို့ကို အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီကလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနအသင်းနှင့် Linking Event–3 ပြိုင်ပွဲတွင် အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုရရှိသည့် ပညာရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် (၁) မှုံနံ့သာတို့ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦးကလည်းကောင်း၊ Linking Event–3 ပြိုင်ပွဲတွင် အကောင်းဆုံးအမျိုးသား အားကစားသမားဆုရရှိသည့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၁) မင်းသစ္စာအောင်၊ အမျိုးသမီး ၄ ပေါက်တန်းပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆု ရရှိသည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၁) အေးအေးသန်းနှင့် အမျိုးသား ၆ ပေါက်တန်းပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရရှိသည့် ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် (၃) လင်းထက်နိုင်တို့ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းကလည်းကောင်း ဆုဖလားများနှင့် ငွေသားဆုများကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး အမျိုးသမီး Linking Event–3 ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသည့် ပညာရေးဝန်ကြီးဌာနအသင်းနှင့် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ကို လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက လည်းကောင်း၊ အမျိုးသား Linking Event–3 ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ပညာရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ပထမဆုရရှိသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းတို့ကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်ကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် အမျိုးသမီး ၄ ပေါက်တန်းပြိုင်ပွဲတွင် ပူးတွဲ တတိယဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသည့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် ပထမဆုရရှိသည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ကို အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ဇင်ကလည်းကောင်း၊ အမျိုးသား ၆ ပေါက်တန်းပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် ပထမဆုရရှိသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းတို့ကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်ကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး အမျိုးသမီး တံခွန်စိုက်ဆုဖလားရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းကလည်းကောင်း၊ အမျိုးသားတံခွန်စိုက် ဆုဖလားရရှိသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်ကလည်းကောင်း တံခွန်စိုက်ဆုဖလားများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

၂၀၂၆ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံး (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ ၆ ရက်နေ့အထိ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ပြိုင်ပွဲကာလ ၆ ရက်ကြာ ကျင်းပပြုလုပ်ခဲ့ရာ ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ၆ သင်း၊ စုစုပေါင်းပြိုင်ပွဲဝင်အင်အား ၂၅၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၆ မှ အဆက် ▶





တို့အတွက်ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် မိုးရာသီ အမျိုးသားရေးလှုထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးခြင်းနှင့် ငါးမျိုးစေ့ စိုက်ထည့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ပရိဝုဏ် အတွင်းရှိ ပြေးခုန်ပစ်တာဝေးအားကစားပြိုင်ကွင်းနှင့် ဝဏ္ဏသိဒ္ဓိ ရေကန်တို့၌ ကျင်းပခဲ့ရာ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ဒုတိယဝန်ကြီး ဦးညီညီ၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် အရာထမ်း/အမှုထမ်းများ စုပေါင်းပါဝင် ဆင်နွှဲခဲ့ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့ကဦးဆောင်၍ စိန်ပန်းပင်များကို စိုက်ပျိုးခဲ့ကြပြီး အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/အမှုထမ်းများက သတ်မှတ်နေရာများ၌ အရိပ်ရအပင်များဖြစ်သည့် စိန်ပန်းပင်၊ ခရေပင်၊ ကံ့ကော်ပင်၊ ပိတောက်ပင်၊ ယူကလစ်ပင်၊ ရေတမာပင်၊ စွယ်တော်ပင် စသည့် စုစုပေါင်းအရိပ်ရအပင် (၅၅၅) ပင်တို့အား စုပေါင်းစိုက်ပျိုးနေမှုများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သစ်ပင်သစ်တောများသည် သက်ရှိသတ္တဝါများကို အဆိပ်အတောက်ဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့များကို ဖယ်ရှားသန့်စင်ပေးပြီး သက်ရှိသတ္တဝါများ အသက်ရှင်ရပ်တည်နေနိုင်ရန်အတွက် များစွာအရေးပါသည့် အောက်ဆီဂျင်ကိုလည်း ထုတ်လွှတ်ပေးနေသည့်အပြင် ရာသီဥတုမျှတစေရန် မြေဆီလွှာပျက်စီးမှုလျော့ပါးစေရန်၊ ရေကြီးရေလျှံမှုများကို ကာကွယ်ပေးရန်စသည့် သဘာဝဘေး အန္တရာယ်လျော့ပါးစေရေးအတွက်လည်း ကြီးမားသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်ကို အားလုံးသိရှိထားရန်လိုကြောင်း၊ "ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း၊ ထာဝရ ကုသိုလ်ရဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့" ဆိုသည့် အဆိုအမိန့် စကားရပ်များနှင့်အညီ ယခု မိမိတို့စိုက်ပျိုးကြမည့် အပင်များကို ရှင်သန်အောင် စိုက်ပျိုးရမည့်အပြင် စိုက်ပျိုးပြီးအပင်များကိုလည်း ရှင်သန်ဖြစ်ထွန်းကြီးထွားစေရေးအတွက် စုပေါင်းဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားရန် တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား မှာကြားခဲ့သည်။

ထို့နောက် ဝဏ္ဏသိဒ္ဓိရေကန်၌ ငါးမျိုးစေ့စိုက်ထည့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဦးဆောင်၍ ငါးမြစ်ချင်းသားပေါက်များကို စိုက်ထည့်ပေးခဲ့ပြီးနောက် အရာထမ်း/အမှုထမ်းများက ငါးမြစ်ချင်းသားပေါက်အကောင်ရေ ၅၀၀၀ ကျော်ကို ဆက်လက်စိုက်ထည့်ခဲ့ကြသည်။

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအရ လူသားအားလုံး သဘာဝဘေးအန္တရာယ်များ တွေ့ကြုံခံစားနေရမှုများ လျော့ပါးသက်သာစေရေး၊ အနာဂတ်တွင် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းများ၊ ကောင်းမွန်သည့် ရာသီဥတုကို လက်ဆင့်ကမ်းနိုင်စေရေး၊ ရေနှင့်မြေဆီလွှာခမ်းခြောက်မှုကို ထိန်းသိမ်းနိုင်စေရေးနှင့်ငါးမျိုးကောင်းမျိုးသန့်များ ရှင်သန်ပေါက်ဖွားလာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစေ့စိုက်ထည့်ပွဲအခမ်းအနားကို ဝန်ကြီးဌာန (ရုံးချုပ်) အပါအဝင် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများ အတွင်းရှိ အားကစားကွင်း/အားကစားရုံများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနများရှိ မြေနေရာလွတ်များ၌ ရတနာတန်းဝင် ကျွန်းပင်နှင့် ပျဉ်းကတိုးပင်များ၊ နှစ်ရှည်ပင်နှင့် အရိပ်ရ လေကာပင်များဖြစ်သည့် စိန်ပန်းပင်၊ ယူကလစ်ပင်၊ ရေတမာပင်၊ စွယ်တော်ပင်၊ မန်ကျန်ရှားပင်၊ ခရေပင်၊ ကံ့ကော်ပင်၊ သပြေဘူတပင်၊ ပျဉ်းမပင်၊ မဟော်ဂနီပင်၊ ပိန္နဲပင်၊ ထောပတ်ပင်၊ သံပုရာပင်၊ မန်ကျည်းပင်၊ ယမနေပင်များနှင့် ဝန်ထမ်းများ သက်သာချောင်ချိစေရေးနှင့် မိသားစုစားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရေးအတွက် သီးပင်စားပင် အမျိုးအစားပေါင်း (၃၂) မျိုး စုစုပေါင်း အပင်အရေအတွက် (၄၇၁၂) ပင်တို့ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းတွင် နေရာဒေသအသီးသီးတို့၌ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အစိုးရအဖွဲ့ဝန်ကြီးများသည် အားကစားနှင့်ကာယပညာဦးစီးဌာနမှ အရာထမ်း/အမှုထမ်းများနှင့်အတူ စုစုပေါင်း အင်အား ၄၂၂၁ ဦးတို့သည် မိုးရာသီ အမျိုးသားရေး လှုထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးခြင်းနှင့် ငါးမျိုးစေ့စိုက်ထည့်ပွဲအခမ်းအနားကို စုပေါင်းပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**အားကစားမြင့်တင်**

**စိတ်လန်းရွှင်**

**ဆန့်ကျင်မူးယစ်ဆေး**

## မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း နေပြည်တော် လူငယ်အားကစားလေ့ကျင့်ရေးစခန်းမှ ပြေးခုန်ပစ် အားကစားသမားများ၏ လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုအားပေး





နေပြည်တော်၊ ဇူလိုင် ၁၃

အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ဒုတိယဝန်ကြီး ဦးညီညီ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းတို့နှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည့် လူငယ်အားကစား လေ့ကျင့်ရေးစခန်း (Youth Camp)မှ ပြေးခုန်ပစ်အားကစားသမားများ၏ (Event)အမျိုးအစားအလိုက် လေ့ကျင့်နေမှုများအား လိုက်လံ ကြည့်ရှုစစ်ဆေးအားပေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ လေ့ကျင့်လျက်ရှိသည့် (Youth Camp) ပြေးခုန်ပစ်အားကစားနည်းမှ(အပြေး၊ လမ်းလျှောက်နှင့်အခုန်) အားကစားသမားများ၏ ခန္ဓာကိုယ်ကြံ့ခိုင်မှုအတွက် အထောက်အကူပြုစေရန် လေ့ကျင့်ခန်းပြုလုပ်နေမှုများအား ကြည့်ရှုအားပေးခဲ့ပြီးနောက် အားကစားသမားများနှင့် အုပ်ချုပ်သူ/နည်းပြများအားတွေ့ဆုံ၍ အားကစားသမားများ အင်အားပြည့်ဝစွာ လေ့ကျင့်နိုင်ရန်အတွက် အာဟာရပြည့်ဝပြီး သတ်မှတ်ထားသည့် ကယ်လိုရီပမာဏအတိုင်း အားအင်များပြန်လည်ပြည့်ဝအောင် ချက်ပြုတ်ကျွေးမွေးပေးလျက်ရှိကြောင်း၊ နေထိုင်စားသောက်မှုများတွင် အခက်အခဲများရှိပါက မိမိတို့ကိုယ်တိုင်သာမက အုပ်ချုပ်သူ/နည်းပြများမှတစ်ဆင့် အချိန်မရွေး သတင်းပို့တင်ပြနိုင်ကြောင်း၊ လိုအပ်ချက်များကို အကောင်းဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်၍ အားကစားသမားများအနေဖြင့် မြန်မာ့အားကစားအဆင့်အတန်း မနိမ့်ကျစေရန်နှင့် စံချိန်/စံညွှန်းများ တိုးတက်ကောင်းမွန်ပြီးလာမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် အထောက်အထူပြုပစ္စည်းများနှင့် အခက်အခဲများကို ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ လေ့ကျင့်လျက်ရှိသည့် ပြေးခုန်ပစ်အားကစားနည်းမှ (အပြေးနှင့်အပစ်)အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီးနောက် အားကစားသမားများ အားလုံးကို ယခုလာမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များများရစေချင်ကြောင်း၊ အားကစားအဆင့်အတန်းပိုမိုတိုးတက်ပြီး အောင်မြင်မှုရရှိစေရန်အတွက် ကျန်းမာရေး အထူးဂရုစိုက်ကြရန်နှင့် နေထိုင်၊ စားသောက်မှုနှင့် သွားလာ၊ လေ့ကျင့်မှုများတွင် စည်းကမ်းတကျ လိုက်နာဆောင်ရွက်သွားရန်လိုကြောင်း၊ အုပ်ချုပ်သူ/နည်းပြများကလည်း ရေတိုလေ့ကျင့်ရေးစီမံချက်များရေးဆွဲပြီး ဆုတံဆိပ်များများရရှိနိုင်မည့် ပြေးခုန်ပစ်အားကစားနည်းကို ဦးစားပေး၍ အားထည့်လေ့ကျင့်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အားကစားသမားများ အောင်မြင်မှုများရရှိစေရန်နှင့် စံချိန်/စံညွှန်းများ တိုးတက်ကောင်းမွန်စေရန် လိုအပ်သည့် ထောက်ပံ့ဖြည့်ဆည်းမှုများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့်အပြင် နိုင်ငံခြားသို့သွားရောက်၍ ပြိုင်ပွဲများယှဉ်ပြိုင်နိုင်ရန်စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း၊ လာမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရန်အတွက် နည်းပြများနှင့် အုပ်ချုပ်သူများက မိမိအားကစားသမားများကို စနစ်တကျ အစွမ်းကုန် ကြိုးစားလေ့ကျင့်ပေးသွားရန်လိုကြောင်း၊ မျှော်မှန်းထားသည့် စံချိန်စံညွှန်းများနှင့် ဆုတံဆိပ်များရရှိပါက အားကစားသမားများအပြင် နည်းပြနှင့်အုပ်ချုပ်သူများကိုပါ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးသွားမည်ဖြစ်၍ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် ပြောကြားခဲ့ပြီး အားကစားသမားများနှင့် အုပ်ချုပ်သူ/နည်းပြများ၏ လိုအပ်ချက်များနှင့် တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။


## မလေးရှားနိုင်ငံ၊ ဆူဘန်ဂျာရာမြို့တွင် ကျင်းပမည့် (၃၄) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဒုတိယအကြိမ်အဖွဲ့ချုပ်ကောင်စီအစည်းအဝေးသို့ တက်ရောက်ရန် အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပြည်ပထွက်ခွာ

ရန်ကုန်၊ ဇူလိုင် ၁၅

၂၀၂၆ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့မှ ၁၇ ရက်နေ့အထိ မလေးရှားနိုင်ငံ၊ ဆူဘန်ဂျာရာမြို့တွင် ကျင်းပပြုလုပ်မည့် (၃၄) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဒုတိယအကြိမ်အဖွဲ့ချုပ်ကောင်စီ အစည်းအဝေးသို့တက်ရောက်ရန် အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းဦးဆောင်ပြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲမြင့်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊

စာမျက်နှာ ၉ သို့ ►

# မလေးရှားနိုင်ငံ၊ ဆူဘာန်ဂျာရာမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၃၄) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဒုတိယအကြိမ် အဖွဲ့ချုပ်ကောင်စီအစည်းအဝေးသို့ တက်ရောက်ပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ





ရန်ကုန်၊ ဇူလိုင် ၁၈

၂၀၂၆ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့မှ ၁၇ ရက်နေ့အထိ မလေးရှားနိုင်ငံ၊ ဆူဘာန်ဂျာရာမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၃၄) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဒုတိယအကြိမ် အဖွဲ့ချုပ်ကောင်စီအစည်းအဝေးသို့ တက်ရောက်ပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း ဦးဆောင်ပြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲမြင့်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ အားကစားရေးရာဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးဇော်စိုး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်၊ ညွှန်ကြားရေးမှူး ဒေါက်တာစိုးမင်းဦး၊ ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးမြ၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထက်ဝေတို့ ပါဝင်သောအဖွဲ့သည် ယနေ့ နေ့လည် ၁၃:၂၀ နာရီအချိန်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေယာဉ်အမှတ် (8M–502) ဖြင့် ပြန်လည်ရောက်ရှိရာ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)ကျောင်းအုပ်ကြီး ဦးထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြကြောင်း သိရသည်။

စာမျက်နှာ ၈ မှ အဆက် ►





အားကစားရေးရာဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးဇော်စိုး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်၊ ညွှန်ကြားရေးမှူး ဒေါက်တာစိုးမင်းဦး၊ ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးမြ၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထက်ဝေတို့ ပါဝင်သောအဖွဲ့သည် ယနေ့ နံနက် ၀၈:၀၀ နာရီအချိန်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေယာဉ်အမှတ်(8M–503)ဖြင့် မလေးရှားနိုင်ငံ၊ ဆူဘာန်ဂျာရာမြို့သို့ ထွက်ခွာသွားရာ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)ကျောင်းအုပ်ကြီး ဦးထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းနှင့် တာဝန်ရှိသူများက လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

# နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားကွင်း/အားကစားရုံများတွင် လက်ရွေးစင်အားကစားသမားများနှင့် လူငယ်အားကစားသမားများ အားကစားနည်းအလိုက် လေ့ကျင့်မှုများပြုလုပ်

နေပြည်တော်၊ ဇူလိုင် ၂၁

နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် လက်ရွေးစင် အားကစားသမားများနှင့် လူငယ်အားကစားသမားများသည် နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အားကစားကွင်း/အားကစားရုံများ၌ အားကစားနည်းအလိုက် လေ့ကျင့်နေမှုများကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦး၊ (Gold Camp)နှင့် (Youth Camp) တို့မှ တာဝန်ရှိသူများနှင့်အတူ လိုက်လံကြည့်ရှု အားပေးခဲ့သည်။

စာမျက်နှာ ၁၀ သို့ ►

# ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားကွင်း/အားကစားရုံများတွင် လက်ရွေးစင် အားကစားသမားများ နှင့် လူငယ်အားကစားသမားများ အားကစားနည်းအလိုက်လေ့ကျင့်မှုများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့်အားကစားဆိုင်ရာကော်မတီမှ တာဝန်ရှိသူများနှင့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများက လိုက်လံကြည့်ရှုအားပေး





နေပြည်တော်၊ ဇူလိုင် ၂၂

နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် လက်ရွေးစင်အားကစားသမားများနှင့် လူငယ်အားကစားသမားများသည် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အားကစားကွင်း/အားကစားရုံများ၌ အားကစားနည်းအလိုက် လေ့ကျင့်နေမှုများကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့်အားကစားဆိုင်ရာကော်မတီမှ တာဝန်ရှိသူများနှင့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများက လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၊ လေကျင့်ရေးခန်းမ (၂) Training Center Hall–2 တွင်(Gold Camp)မှ လက်ရွေးစင်အားကစားသမားများနှင့် (Youth Camp)မှ လူငယ်အားကစားသမားများ၏ ပိုက်ကျော်ခြင်း လေ့ကျင့်ရေးရုံ၌ လေ့ကျင့်လျက်ရှိသည့် ပိုက်ကျော်ခြင်း အမျိုးသား/အမျိုးသမီး အားကစားသမားများနှင့် ကွင်းသွင်းခြင်းခတ် အားကစားသမားများ၏ လေ့ကျင့်နေမှုများကိုလည်းကောင်း၊ လေ့ကျင့်ရေးကွင်း

စာမျက်နှာ ၁၁ သို့ ►

စာမျက်နှာ ၉ မှ အဆက် ►





ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ လေကျင့်ရေးခန်းမ–(၂) Training Center Hall–2 တွင် (Gold Camp)မှ လက်ရွေးစင်အားကစားသမားများနှင့် (Youth Camp)မှ လူငယ်အားကစားသမားများ၏ ပိုက်ကျော်ခြင်းလေ့ကျင့်ရေးရုံ၌ လေ့ကျင့်လျက်ရှိသည့် ပိုက်ကျော်ခြင်း အမျိုးသား/အမျိုးသမီး အားကစားသမားများနှင့် ကွင်းသွင်းခြင်းခတ် အားကစားသမားများ၏ လေ့ကျင့်နေမှုများကိုလည်းကောင်း၊ (Youth Camp)မှ လူငယ်အားကစားသမားများဖြစ်သည့် အလေးမအားကစားသမားများနှင့် လက်ဝှေ့အားကစားသမားများ၏ လေ့ကျင့်နေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးခဲ့ပြီးနောက် အားကစားနည်းများအလိုက် အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နည်းပြများအနေဖြင့် အားကစားသမားများအား အားကစားကို စတင်လေ့ကျင့်ပေးရာတွင် အခြေခံနည်းစနစ်များကို သိရှိနားလည်ပြီး ကျွမ်းကျင်ပိုင်နိုင်အောင် အရင်ဦးဆုံး စနစ်တကျ သင်ကြားလေ့ကျင့်ပေးသွားရန် လိုကြောင်း၊ အောက်ခြေဖောင်ဒေးရှင်း ကောင်းမွန်မှသာ ခိုင်ခံ့သည့် အဆောက်အဦတစ်ခု ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ အလားတူ အားကစားတွင် အခြေခံနည်းစနစ်များကို ကျွမ်းကျင်ပိုင်နိုင်မှသာ အားကစားသမားကောင်းတစ်ဦး ဖြစ်လာနိုင်မည် ဖြစ်ကြောင်း၊ အားကစားသမားများကို ခန္ဓာကိုယ် ကျန်းမာကြံ့ခိုင်စေရန်နှင့် အားကစားနည်းအလိုက် အခြေခံနည်းစနစ်များ၊ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည့် နည်းဥပဒေ၊ စည်းမျဉ်း/စည်းကမ်းများ၊ သင်ကြားရေး နည်းလမ်းများနှင့် လေ့ကျင့်ရေးအစီအစဉ်များကို အမြဲတမ်းလေ့လာ ဆည်းပူးမှတ်သားပြီး အားကစားသမားများကို စာတွေ့/လက်တွေ့ သင်ကြားပေးသွားရန်လိုကြောင်း၊ အားကစားသမားများကလည်း နည်းပြများ၏ သင်ကြားလေ့ကျင့် ပေးမှုများကို လိုက်နာမှတ်သားပြီး မိမိအားကစားနည်းတွင် ကျွမ်းကျင်ပိုင်နိုင်သည့် အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားအားထုတ်လေ့ကျင့်သွားရန် လိုကြောင်း တိုက်တွန်းမှာကြားခဲ့ပြီးနောက် အားကစားနည်းအလိုက် အုပ်ချုပ်သူ/နည်းပြများ၏ အခက်အခဲများနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်







ရန်ကုန် ၊ ဇူလိုင် ၂၇

တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ “၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲ” ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦး၊ ရန်ကုန်တိုင်းဒေသကြီး သဃ်ာန်းကျွန်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဆုရအားကစားသမားများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့လူမှုရေးရာဝန်ကြီးဦးဗိုလ်ဌေး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့် တာဝန်ရှိသူများသည် ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်နေမှုအား ကြည့်ရှုအားပေးခဲ့ပြီးနောက် ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနားအား ဆက်လက်ကျင်းပခဲ့ရာ အမျိုးသမီး ၄၃-၄၆ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုကို (ကယားပြည်နယ်အသင်း)မှ ဒီမြာ၊ ဒုတိယဆုကို (မန္တလေးတိုင်းဒေသကြီးအသင်း)မှ ယမင်းသော်တာ၊ တတိယဆုကို (မွန်ပြည်နယ်အသင်း)မှ ယွန်းပိုးအိမ်၊ ပူးတွဲ တတိယဆုကို (ဧရာဝတီတိုင်းဒေသကြီးအသင်း)မှ ဆုရည်ထက် တို့ကို မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းဝင်းက လည်းကောင်း၊ အမျိုးသမီး ၄၉-၅၃ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုကို (ရှမ်းပြည်နယ်အသင်း)မှ ဆုလေပြေထွန်း၊ ဒုတိယဆုကို (ကရင်ပြည်နယ်အသင်း)မှ အေးမြတ်သူ၊ တတိယဆုကို (စစ်ကိုင်းတိုင်းဒေသကြီးအသင်း)မှ ကျိန်ရှန်စံ၊ ပူးတွဲတတိယဆုကို (နေပြည်တော်ကောင်စီအသင်း)မှ ဂျူးဂျူးစံသာတို့နှင့် အမျိုးသမီး ၄၀-၄၃ ကီလိုတန်း ပြိုင်ပွဲတွင်ပထမဆုကို (ရန်ကုန်တိုင်းဒေသကြီးအသင်း)မှသူသူဟန်၊ ဒုတိယဆုကို (ရှမ်းပြည်နယ်အသင်း)မှ ဖိုးမြာ၊

စာမျက်နှာ ၁၂ သို့ ►

စာမျက်နှာ ၁၀ မှ အဆက် ►

အမှတ်(၁)တွင် လေ့ကျင့်လျက်ရှိသည့် ပြေးခုန်ပစ်အားကစားသမားများနှင့် ဂျူဒို လေ့ကျင့်ရေးခန်းမတွင် ဂျူဒိုအားကစားသမားများ၏ လေ့ကျင့်နေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးခဲ့ပြီးနောက် အားကစားနည်းများအလိုက် အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားကစားသမားများ စိတ်ဓာတ်ခွန်အားများရရှိစေရန် နေထိုင်စားသောက်မှုများ၊ လေ့ကျင့်မှုများ၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုများနှင့် ကျန်းမာကြံ့ခိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ၎င်းတို့၏ အတွေ့အကြုံများကိုမျှဝေ၍ အားပေးစကားများကို ပြောကြားခဲ့ပြီး နိုင်ငံတော်အတွက် ရွှေတံဆိပ်ဆုများရရှိအောင် ကာယ၊ ဉာဏ်၊ ဝီရိယ၊ ခွဲ၊ လုံ့လများဖြင့် ကြိုးစားအားထုတ် လေ့ကျင့်သွားရန်လိုကြောင်း၊ နိုင်ငံတကာအလယ်တွင် နိုင်ငံတော်၏အလံကို လွှင့်ထူ၍ နိုင်ငံတော်သီချင်းကို ဂုဏ်ယူဝင့်ကြွားစွာ သံပြိုင်သီဆိုနိုင်အောင် စွမ်းဆောင်နိုင်သူများသည် အားကစားသမားများသာ ဖြစ်ကြောင်း၊ နည်းပြများအနေဖြင့် အားကစားတွင် အခြေခံနည်းစနစ်များကို ကျွမ်းကျင်ပိုင်နိုင်မှသာ အားကစားသမားကောင်းတစ်ဦး ဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ အားကစားသမားများကို ခန္ဓာကိုယ် ကျန်းမာကြံ့ခိုင်စေရန်နှင့် အားကစားနည်းအလိုက် အခြေခံနည်းစနစ်များ၊ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည့်နည်းဥပဒေ၊ စည်းမျဉ်း/စည်းကမ်းများ၊ သင်ကြားရေးနည်းလမ်းများနှင့် လေ့ကျင့်ရေးအစီအစဉ်များကို အမြဲတမ်းလေ့လာဆည်းပူးမှတ်သားပြီး အားကစားသမားများကို စာတွေ့/လက်တွေ့ သင်ကြားပေးသွားရန်လိုကြောင်း၊ အားကစားသမားများကလည်း နည်းပြများ၏ သင်ကြားလေ့ကျင့်ပေးမှုများကို လိုက်နာမှတ်သားပြီး မိမိအားကစားနည်းတွင် ကျွမ်းကျင်ပိုင်နိုင်သည့် အားကစားသမားကောင်းများဖြစ်အောင်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ဆက်လက်ကြိုးစား အားထုတ်လေ့ကျင့်သွားရန်လိုကြောင်း တိုက်တွန်းအားပေးစကားများကို အသီးသီးပြောကြားခဲ့သည်။

ထို့နောက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိ စားရိပ်သာတွင် အားကစားသမားများအတွက် တစ်နေ့တာလိုအပ်သည့် အာဟာရကယ်လိုရီပမာဏအတိုင်း အားကစားဆေးဘက်ဆိုင်ရာ ဆရာဝန်၏ စနစ်တကျတွက်ချက်၍ ချက်ပြုတ်ကျွေးမွေးလျက်ရှိသည့် အစားအစာများကိုလည်းကောင်း၊ အားကစားသမားများ၏ ညနေစာသုံးဆောင်နေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

# ၂၀၂၆ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ (စတုတ္ထနေ့) ၆ ပေါက်တန်း (အမျိုးသား)ပြိုင်ပွဲ ပွဲစဉ်များဆက်လက်ကျင်းပ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေး





နေပြည်တော်၊ ဇူလိုင် ၄

အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရိုးရာခြင်းလုံး အဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် "၂၀၂၆ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ" (စတုတ္ထနေ့) ၆ ပေါက်တန်း(အမျိုးသား)ပြိုင်ပွဲ ယှဉ်ပြိုင်ခတ်ကစားနေမှုများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် နာယက ဦးစိုးတင့်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်ဝန်ထမ်းများ၊ အားကစားဝါသနာရှင် ပရိတ်သတ်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ၆ ပေါက်တန်း(အမျိုးသား) ပြိုင်ပွဲ (စတုတ္ထနေ့)တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက ရမှတ် ၅၃၀ မှတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၁၂၆၈ မှတ်၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၇၆၀ မှတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ရမှတ် ၁၀၇၉ မှတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၉၃၁ မှတ်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ရမှတ် ၁၁၆၀ မှတ်နှင့် ပညာရေးဝန်ကြီးဌာနအသင်းက ရမှတ် ၈၄၅ မှတ်တို့ကိုလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

၆ ပေါက်တန်း(အမျိုးသား)ပြိုင်ပွဲတွင် ဝန်ကြီးဌာနများအလိုက် အသီးသီး ယှဉ်ပြိုင်ခတ်ကစားခဲ့မှုများအပြီး၌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းက ပထမနေ့တွင် ရမှတ် ၁၄၀၈ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၁၃၉၆ မှတ်၊ စုစုပေါင်းရမှတ် ၂၈၀၄ မှတ်ဖြင့် ပထမ နေရာကိုလည်းကောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းက ပထမနေ့တွင် ရမှတ် ၁၂၈၉ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၁၃၄၈ မှတ်၊ စုစုပေါင်းရမှတ် ၂၆၃၇ မှတ်ဖြင့် ဒုတိယနေရာကိုလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပထမနေ့တွင် ရမှတ် ၁၂၁၅ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၁၂၆၈ မှတ်၊ စုစုပေါင်းရမှတ် ၂၄၈၃ မှတ်ဖြင့် ပူးတွဲတတိယနေရာကို လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ပထမနေ့တွင် ရမှတ် ၁၀၈၆ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၁၁၆၀ မှတ်၊ စုစုပေါင်းရမှတ် ၂၂၄၆ မှတ်ဖြင့် ပူးတွဲတတိယနေရာကိုလည်းကောင်း၊ ၄ ပေါက်တန်း (အမျိုးသမီး)

စာမျက်နှာ ၁၃ သို့ ►

စာမျက်နှာ ၁၁ မှ အဆက် ►

တတိယဆုကို (ကရင်ပြည်နယ်အသင်း)မှ မင်းမင်းဟေမာန်၊ ပူးတွဲတတိယဆုကို (ချင်းပြည်နယ်အသင်း)မှချမ်းမြေ့စံတို့ကို မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြဟန်ကလည်းကောင်း၊ အမျိုးသား ၅၁-၅၄ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုကို (ရန်ကုန်တိုင်းဒေသကြီးအသင်း)မှ ခန့်ထူးလျှံမိုးနေ၊ ဒုတိယဆုကို (ပဲခူးတိုင်း ဒေသကြီးအသင်း)မှ ထက်ဝေယံကျော်၊ တတိယဆုကို (ချင်းပြည်နယ်အသင်း)မှ အောင်ကျော်ဇင်၊ ပူးတွဲတတိယဆုကို (မွန်ပြည်နယ်အသင်း)မှ စွမ်းထက်ဦးတို့နှင့် အမျိုးသား ၄၈-၅၁ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုကို (ရန်ကုန်တိုင်းဒေသကြီးအသင်း)မှ ထွန်းလင်းအောင်၊ ဒုတိယဆုကို (မွန်ပြည်နယ်အသင်း)မှ ထက်မြတ်ထွန်း၊ တတိယဆုကို (ချင်းပြည်နယ်အသင်း)မှ ရဲသီဟလင်း၊ ပူးတွဲတတိယဆုကို (နေပြည်တော်ကောင်စီအသင်း)မှ ဖြိုးပြည့်စုံတို့ကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုကြေးငွေများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရရှိသည့် (ကယားပြည်နယ်အသင်း)မှ ဒီမြာနှင့် အမျိုးသားအကောင်းဆုံး အားကစားသမားဆုရရှိသည့် (ရန်ကုန်တိုင်းဒေသကြီးအသင်း)မှ ထွန်းလင်းအောင်၊ ရွှေတံဆိပ် (၅) ခု၊ ကြေးတံဆိပ် (၄) ခုဖြင့် အမျိုးသမီးတံခွန်စိုက် ဆုဖလားရရှိသွားသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေးက Trophy နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ခဲ့သည်။

ထို့နောက် ရွှေတံဆိပ်(၇) ခု၊ ငွေတံဆိပ် (၁) ခုဖြင့် အမျိုးသားတံခွန်စိုက် ဆုဖလားရရှိသွားသည့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ရွှေတံဆိပ် (၁၂)ခု၊ ငွေတံဆိပ်(၁)ခု၊ ကြေးတံဆိပ်(၄)ခုဖြင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသွားသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက စုပေါင်းတံခွန်စိုက်ဆုဖလားကိုပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ "၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲ" ကို ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့မှ ၂၇ ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏော၌ ကျင်းပခဲ့ရာ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်း၊ စုစုပေါင်းပြိုင်ပွဲဝင်အားကစားသမားအင်အား ၂၉၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

# ၂၀၂၆ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ (ပဥ္စမနေ့) Linking Event-3 (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ပွဲစဉ်များဆက်လက်ကျင်းပ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြည့်ရှုအားပေး






နေပြည်တော်၊ ဇူလိုင် ၅

အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် "၂၀၂၆ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံး ပြိုင်ပွဲ" (ပဥ္စမနေ့) Linking Event-3 (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ယှဉ်ပြိုင်ခတ်ကစားနေမှုများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းနိုင်ဦး၊ ပညာရေးဝန်ကြီးဌာန စာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်လွင်၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်နာယက ဦးစိုးတင့်နှင့် ဥက္ကဋ္ဌ ဦးရဲဝင့်ထွဋ်တင်၊ တပ်မတော် ရိုးရာခြင်းလုံးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ရဲလွင်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများ၊ အားကစားဝါသနာရှင် ပရိတ်သတ်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံး ပြိုင်ပွဲ (ပဥ္စမနေ့) Linking Event – 3 (အမျိုးသမီး) ပြိုင်ပွဲတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းက ရမှတ် ၃၁၇ မှတ်၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၂၃၀ မှတ်၊ ပညာရေးဝန်ကြီးဌာနအသင်းက ရမှတ် ၄၁၆ မှတ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ရမှတ် ၃၂၆ မှတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၄၁၉ မှတ်၊ အားကစားရေးရာဝန်ကြီးဌာနအသင်းက ရမှတ် ၃၇၀ မှတ်၊ Linking Event-3 (အမျိုးသား)ပြိုင်ပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းက ရမှတ် ၃၀၁ မှတ်၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၂၂၈ မှတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၄၇၉ မှတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ရမှတ် ၃၁၄ မှတ်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းက ရမှတ် ၄၄၄ မှတ်၊ ပညာရေးဝန်ကြီးဌာနအသင်းက ရမှတ် ၄၃၅ မှတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၄၀၄ မှတ်၊ သယံဇာတနှင့်သဘာဝ

စာမျက်နှာ ၁၄ သို့ ►

စာမျက်နှာ ၁၂ မှ အဆက် ►

ပြိုင်ပွဲတွင် လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနအသင်းက ပထမနေ့တွင် ရမှတ် ၆၇၁ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၆၅၅ မှတ်၊ စုစုပေါင်းရမှတ် ၁၃၂၆ မှတ်ဖြင့် ပထမ နေရာကိုလည်းကောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ပထမနေ့တွင် ရမှတ် ၆၀၉ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၆၅၆ မှတ်၊ စုစုပေါင်းရမှတ် ၁၂၆၅ မှတ်ဖြင့် ဒုတိယနေရာကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းက ပထမနေ့တွင် ရမှတ် ၆၀၈ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၅၈၅ မှတ်၊ စုစုပေါင်းရမှတ် ၁၁၉၃ မှတ်ဖြင့် ပူးတွဲတတိယ နေရာကိုလည်းကောင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းက ပထမနေ့တွင် ရမှတ် ၄၃၁ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၄၂၂ မှတ်၊ စုစုပေါင်းရမှတ် ၈၅၃ မှတ်ဖြင့် ပူးတွဲတတိယနေရာကိုလည်းကောင်း အသီးသီးရရှိခဲ့ကြသည့်အတွက် ၂၀၂၆ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့ တွင် ၆ ပေါက်တန်း(အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်း၊ ၄ ပေါက်တန်း(အမျိုးသမီး)ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့ ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ Linking(Event-3) (အမျိုးသမီး)ပြိုင်ပွဲတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်း၊ ပညာရေးဝန်ကြီးဌာနအသင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်း၊ Linking(Event-3) (အမျိုးသား) ပြိုင်ပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်း၊ ပညာရေးဝန်ကြီးဌာနအသင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ခတ်ကစားသွားမည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံး(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ ၆ ရက်နေ့အထိ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ပြိုင်ပွဲကာလ ၆ ရက်ကြာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

# ဝန်ထမ်းများအတွက် နိုင်ငံတကာဆက်သွယ်ဆက်ဆံရေး ကျွမ်းကျင်မှု မြှင့်တင်ရေးသင်တန်း

## Strengthening International Communication Skills For Staff သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ






နေပြည်တော်၊ ဇူလိုင် ၆

အားကစားရေးရာဝန်ကြီးဌာန(MOSA)၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ(MOC)နှင့် အာရှ အိုလံပစ်ကောင်စီ(OCA)တို့ ပူးပေါင်းဖွင့်လှစ်သည့် ဝန်ထမ်းများအတွက် နိုင်ငံတကာဆက်သွယ်ဆက်ဆံရေးကျွမ်းကျင်မှု မြှင့်တင်ရေးသင်တန်း Strengthening International Communication Skills For Staff သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ/အထွေထွေအတွင်းရေးမှူး၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် အားကစားသည် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်ပေးရာတွင် အရေးပါသည့် အခန်းကဏ္ဍတစ်ခုတွင်ပါဝင်ကြောင်း၊ အားကစားဖွံ့ဖြိုးတိုးတက်စေရေးနှင့် အောင်မြင်မှုရရှိစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အားကစားသမားများ၏ စွမ်းဆောင်ရည်သာမက အားကစားစီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ၏ အရည်အသွေးမြင့်မားရေးသည် အလွန်အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အားကစားကဏ္ဍ ပိုမိုတိုးတက်မြင့်မားလာစေရေးအတွက် နိုင်ငံတကာအားကစားအဖွဲ့အစည်းများဖြစ်သည့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ(IOC)၊ အာရှအိုလံပစ်ကောင်စီ(OCA)၊ အပြည်ပြည်ဆိုင်ရာအားကစားအဖွဲ့ချုပ်များ (IFs)၊ နိုင်ငံအသီးသီးမှ အမျိုးသားအိုလံပစ်ကော်မတီများ(NOCs)တို့နှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစည်းအဝေးတက်ရောက်ခြင်းများနှင့် နိုင်ငံတကာကိုယ်စားပြု ဆက်သွက်ဆက်ဆံဆောင်ရွက်ခြင်းကိစ္စရပ်များတွင် အင်္ဂလိပ်ဘာသာ စကားကျွမ်းကျင်မှုအပြင် ထိရောက်သည့် သံတမန်ဆက်ဆံရေးဆိုင်ရာစွမ်းရည်များ မရှိမဖြစ်လိုအပ်ပါကြောင်း၊ ယနေ့ဖွင့်လှစ်သည့် သင်တန်းသည် အင်္ဂလိပ်ဘာသာစကားကို သင်ကြားပေးရုံသာမက နိုင်ငံတကာအဆင့်လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချနိုင်မည့် ဆက်သွယ်ဆက်ဆံရေးစွမ်းရည်များ၊ အစည်းအဝေးများတက်ရောက်ရာတွင်ထိရောက်စွာပါဝင်ဆွေးနွေးနိုင်မည့်နည်းလမ်းများ၊ တင်ပြဆွေးနွေးမှုစွမ်းရည်များနှင့် မိမိကိုယ်ကို ယုံကြည်မှုရှိစွာပြောဆိုတင်ပြနိုင်စေမည့် အရည်အချင်းများကို ပိုမိုတိုးတက်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပါကြောင်း၊ ယခုသင်တန်းကို အာရှအိုလံပစ်ကောင်စီ(OCA)၏ Special Projects မှ ပံ့ပိုးကူညီမှုဖြင့် အကောင်အထည်ဖော် ဖွင့်လှစ်ပေးခြင်းသည် မြန်မာနိုင်ငံ၏ အားကစားစီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်နိုင်ရေးအတွက် အရေးပါသည့် အခွင့်အလမ်းတစ်ရပ်လည်းဖြစ်ပါကြောင်း၊ ယခုလိုသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးနိုင်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သင်တန်းသား/ သင်တန်းသူများအနေဖြင့် မိမိတို့၏ အရည်အသွေးကို မြှင့်တင်ပေးနိုင်မည့် အဖိုးတန် အခွင့်အရေး တစ်ရပ်အဖြစ်မှတ်ယူ၍ သင်ခန်းစာများကို စိတ်ဝင်တစားလေ့လာသင်ယူကြပြီး ဆရာ/ဆရာမများနှင့်အတူ တက်ကြွစွာ ဆွေးနွေးဖလှယ်ကြရန်နှင့် Presentation များလုပ်ဆောင်ရာတွင် ယုံကြည်မှုရှိရှိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားလိုပါကြောင်း၊ ယခုသင်တန်းတွင် ထူးချွန်သည့်

စာမျက်နှာ ၁၅ သို့ ►

စာမျက်နှာ ၁၃ မှ အဆက် ►

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းက ရမှတ် ၄၁၃ မှတ်၊ အားကစားရေးရာဝန်ကြီးဌာနအသင်းက ရမှတ် ၃၈၁ မှတ်နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းက ရမှတ် ၅၀၈ မှတ်တို့ကိုလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့ ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ (ဆဋ္ဌမနေ့) ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် Linking Event–3 (အမျိုးသမီး)ပြိုင်ပွဲတွင် ပညာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ Linking Event–3 (အမျိုးသား) ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီး ဌာနအသင်းနှင့်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်း၊ ၄ ပေါက်တန်း(အမျိုးသမီး)ပြိုင်ပွဲတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာနအသင်း၊ ၆ ပေါက်တန်း (အမျိုးသား)ပြိုင်ပွဲတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ခတ်ကစားသွားမည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံး (အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ ၆ ရက်နေ့အထိ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ပြိုင်ပွဲကာလ ၆ ရက်ကြာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို “အခမဲ့” လာရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်းနှင့် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ (အမျိုးသား/ အမျိုးသမီး) ဗိုလ်လုပွဲ ပွဲစဉ်များကို ၂၀၂၆ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့ မွန်းလွဲ ၃ နာရီမှစတင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရုပ်သံလိုင်းများဖြစ်သည့် MRTV–4 HD Channel နှင့် MRTV Sports Channel တို့တွင် တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

# အောင်ဆန်းအားကစားကွင်းအတွင်းရှိ အဆောက်အဦပြောင်းများ လေလံတင်ရောင်းချရေးအတွက် အိတ်ပိတ်တင်ဒါ ဖွင့်ဖောက်စစ်ဆေးခြင်းနှင့် (၃၄) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်နေသော အလေးမနှင့်ဝူရှူး အားကစားအဖွဲ့များအား သွားရောက်ကြည့်ရှုစစ်ဆေး





ရန်ကုန် ၊ ဇူလိုင် ၂၀

အောင်ဆန်းအားကစားကွင်းအတွင်းရှိ အဆောက်အဦပြောင်းများ လေလံတင်ရောင်းချရေးအတွက် အိတ်ပိတ်တင်ဒါဖွင့်ဖောက်စစ်ဆေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ လေလံတင်ရောင်းချရေးအဖွဲ့ ဥက္ကဋ္ဌ၊အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက အဖွင့်အမှာစကားပြောကြားရာတွင် လုပ်ငန်းဆောင်ရွက်ရန် လာရောက်ယှဉ်ပြိုင်သည့် ကုမ္ပဏီများမှ Lot အလိုက် အိတ်ပိတ်တင်ဒါ တင်သွင်းလာသည့် တင်ဒါလျှောက်လွှာများအား စည်းမျဉ်း/စည်းကမ်းများအတိုင်း စနစ်တကျ ဖွင့်ဖောက်စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ အောင်ဆန်းအားကစားကွင်းပတ်လည်ရှိ ဆိုင်ခန်းများကို တစ်လအတွင်းဖျက်သိမ်းသွားရန် ဆိုင်ပိုင်ရှင်များကိုကြိုတင် အကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ သတ်မှတ်ကာလကျော်လွန်ပြီး ဖျက်သိမ်းရန်ကျန်ရှိနေသော ဆိုင်ခန်းများအား Lot အလိုက် တင်ဒါအောင်မြင်သူများက ပိုင်ဆိုင်ခွင့်ရရှိသွားမည်ဖြစ်ပါကြောင်း၊ တင်ဒါအောင်မြင်ပြီးပါက လုပ်ငန်းဆောင်ရွက်ရာတွင် မိမိပိုင်နယ်နမိတ်များကို သပ်ရပ်စွာကာရံ၍ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်သွားစေလိုကြောင်း မှာကြားခဲ့သည်။

ဆက်လက်၍ စစ်ဆေးရေးအဖွဲ့မှ တာဝန်ရှိသူများက တင်ဒါတင်သွင်းခဲ့သည့် ကုမ္ပဏီများ၏ အိတ်ဖွင့်တင်ဒါ စာအိတ် A အား စာရွက်စာတမ်းများနှင့် အချက်အလက်များ ပြည့်စုံမှုရှိ/မရှိ ဖွင့်ဖောက် စစ်ဆေးခဲ့ပြီးနောက် တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ စာအိတ် B အား ဖွင့်ဖောက်စစ်ဆေးခဲ့ပြီး Lot အလိုက် တင်ဒါအောင်မြင်ခဲ့သူများကို အတည်ပြုကြေငြာခဲ့သည်။

ဆက်လက်ပြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးက တင်ဒါအောင်မြင်သည့် ကုမ္ပဏီအားလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရေး၊ အဆောက်အဦဖျက်သိမ်းရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ရုံးလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ရှိပါက မိမိတို့ဝန်ကြီးဌာန အနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးက လုပ်ငန်းများ စတင်ဆောင်ရွက်ရာတွင် လုံခြုံရေးကို အထူးဂရုစိုက်ဆောင်ရွက်စေလိုကြောင်း၊ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်သွားစေလိုကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အကူအညီများကို ရယူပြီး ပူးပေါင်းဆောင်ရွက်သွားစေလိုကြောင်း ထပ်မံဖြည့်စွက်မှာကြားခဲ့ပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ၂၀၂၇ ခုနှစ်၊ မလေးရှားနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၃၄) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် တာမွေမြို့နယ်၊ ကျိုက္ကဆံအားကစားကွင်းအတွင်း၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ပဏာမလက်ရွေးစင် အလေးမအားကစားသမားများနှင့် ဝူရှူးအားကစားသမားများ၏ လေ့ကျင့်နေမှုများအား

စာမျက်နှာ ၁၆ သို့ ►

စာမျက်နှာ ၁၄ မှ အဆက် ►

သင်တန်းသား/သင်တန်းသူများကို ဂုဏ်ပြုဆုကြေးငွေများအဖြစ် ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ၅ သိန်းနှင့် တတိယဆု ငွေကျပ် ၃ သိန်းတို့ကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး နောင်လာမည့် နိုင်ငံတကာအစည်းအဝေးများ၊ ဆွေးနွေးပွဲများသို့ စေလွှတ်ပေးနိုင်ရန်လျာထားစီစဉ်ပေးသွားမည် ဖြစ်ပါကြောင်း၊ သင်တန်းသား/သင်တန်းသူများကလည်း သင်ယူလိုစိတ်အပြည့်နှင့် ကြိုးစားလေ့လာသင်ယူပြီး မိမိတို့၏လုပ်ငန်းတာဝန်များကိုသာမက မြန်မာနိုင်ငံ၏ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အင်္ဂလိပ်ဘာသာစကားကို ယုံကြည်မှုရှိစွာ ဆက်သွယ်ဆက်ဆံပြောဆိုနိုင်ခြင်း၊ နိုင်ငံတကာအဆင့် အစည်းအဝေးများနှင့် ဆွေးနွေးပွဲများတွင် ထိရောက်စွာ ပါဝင်ဆွေးနွေးနိုင်ခြင်း၊ အားကစားအဖွဲ့အစည်းများကို ဒေသတွင်းနှင့် နိုင်ငံတကာအဆင့် ပါဝင်ဆောင်ရွက်ရာတွင် မိမိတို့ဝန်ကြီးဌာနကိုယ်စားပြု တာဝန်ယူဆောင်ရွက်နိုင်မည့် ဝန်ထမ်းကောင်းများဖြစ်အောင် ဆက်လက်လေ့လာလိုက်စား၍ ကြိုးစားအားထုတ်သွားရန် တိုက်တွန်းမှာကြားခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူး၍ အခမ်းအနားအားရုပ်သိမ်းခဲ့သည်။

အဆိုပါ ဝန်ထမ်းများအတွက် နိုင်ငံတကာဆက်သွယ်ဆက်ဆံရေး ကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်း Strengthening International Communication Skills For Staff သင်တန်းတွင် သင်တန်းနည်းပြဆရာမ ဒေါ်သီရိလွင်နှင့် ဦးအောင်မြတ်ကိုကိုတို့ ၂ ဦးက သင်တန်းသား/ သင်တန်းသူ ၂၇ ဦးတို့ကို ၂၀၂၆ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ နေပြည်တော်၊ အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ ဘက်စုံသုံးခန်းမ၌ သင်တန်းကာလ (၂၅) ရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

# Heyball Masters Tour ပြိုင်ပွဲ 1st Runner-up ဆုရ ဘုန်းမြင့်ကျော်









ရန်ကုန် ၊ ဇူလိုင် ၂၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၊ Henan ပြည်နယ်၊ Zhenzhou မြို့၌ ဇူလိုင် ၁ ရက်နေ့မှ ၁၇ ရက်နေ့အထိကျင်းပခဲ့သော 2026 Heyball Masters Tour ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် အားကစားသမား ဘုန်းမြင့်ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ 1st Runner–up (ဒုတိယ)ဆု ရရှိခဲ့သည်။

2026 Heyball Masters Tour ပြိုင်ပွဲမှာ Heyball အားကစားနယ်ပယ်တွင် အရေးပါသည့် နိုင်ငံတကာပြိုင်ပွဲတစ်ခုဖြစ်ရာ ဘုန်းမြင့်ကျော်သည် Qualifying မှ ဗိုလ်လုပွဲအထိ အဆင့်အသီးသီးတို့တွင် SEA Games ပြိုင်ဘက် ဖိလစ်ပိုင်၊ အခြားကမ္ဘာ့နိုင်ငံများ ဖြစ်ကြသည့် UK ၊ အိန္ဒိယ၊ ကိုရီးယားနှင့် အိမ်ရှင်တရုတ် စသည့်နိုင်ငံများမှ နာမည်ကျော် အားကစားသမားများအား အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပြီး ဗိုလ်လုပွဲတွင် အိမ်ရှင်တရုတ် အားကစားသမားနှင့် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရာ 1st Runner–up (ဒုတိယ)ဆု ရရှိခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အိမ်ရှင်တရုတ်နိုင်ငံမှ အားကစားသမား ၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမ တရုတ်နိုင်ငံ၊ ဒုတိယ မြန်မာနိုင်ငံနှင့် ပူးတွဲတတိယတရုတ်နိုင်ငံတို့ ရရှိခဲ့ကြသည်။

ယင်းသို့ အရေးပါသည့် နိုင်ငံတကာပြိုင်ပွဲတစ်ခုတွင် 1st Runner–up (ဒုတိယ) ဆု ရရှိခဲ့သည့် ဘုန်းမြင့်ကျော်သည် ယမန်နေ့ ည ၂၂:၃၅ နာရီအချိန်တွင် လေယာဉ်ခရီးစဉ် UB018 ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိရာ အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ခန့်ကျော်၊ ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)မှသင်တန်းသား/သင်တန်းသူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြကြောင်းသိရှိရသည်။

စာမျက်နှာ ၁၅ မှ အဆက် ►

လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်မှု ရှိစေရေးအတွက်လေ့ကျင့်မှုများ၊ သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီအောင်ကြိုးစားပြီး ပြိုင်ပွဲတွင် အောင်မြင်မှုဆုတံဆိပ်များရရှိရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသေးစိတ်မှာကြားခဲ့ပြီးနောက် အားကစားသမားများ၏ တင်ပြချက်များနှင့်လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**အမျိုးသားအားကစား တိုးတက်ရေး**

**လူချွန်လူကောင်း ပျိုးထောင်ပေး**

**အားကစားမြှင့်တင်ခြင်းသည်**

**နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်း ဖြစ်ပါသည်**

# (၃၄) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှသည် အနာဂတ်မြန်မာ့အားကစား

အောင်သူ(အား/ကာ)

အားကစားသည် နိုင်ငံတစ်နိုင်ငံ၏ ကျန်းမာသန်စွမ်းမှု၊ စည်းလုံးညီညွတ်မှုနှင့် စီးပွားရေးတိုးတက်မြင့်မားမှု အဆင့်အတန်းကို ထင်ဟပ်ဖော်ပြပေးသည့် အရေးပါသော ကဏ္ဍတစ်ခုဖြစ်သည်။ အထူးသဖြင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (SEA Games) သည် အရှေ့တောင်အာရှနိုင်ငံများ၏ အားကစားစွမ်းရည်၊ လူငယ်အင်အားနှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို ပြသနိုင်သော အရေးပါသည့် ဒေသတွင်းပြိုင်ပွဲတစ်ရပ်ဖြစ်ပါသည်။ (၃၄) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မျှော်မှန်းကြည့်မည်ဆိုပါက မြန်မာ့အားကစားအတွက် ပြိုင်ပွဲတစ်ခုတည်းသာမက အနာဂတ်အားကစားဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ရန် အခွင့်အလမ်းသစ် တစ်ရပ်အဖြစ် ရှုမြင်ရမည်ဖြစ်ပါသည်။

ယနေ့ခေတ် အားကစားလောကသည် အရည်အချင်းတစ်ခုတည်းဖြင့် အောင်မြင်နိုင်သည့်ခေတ် မဟုတ်တော့ဘဲ သိပ္ပံနည်းကျ လေ့ကျင့်မှု၊ အားကစားဆေးပညာ၊ အာဟာရ၊ စိတ်ပိုင်းဆိုင်ရာပြင်ဆင်မှု၊ နည်းပညာအသုံးချမှုနှင့် စီမံခန့်ခွဲမှုကောင်းမွန်ရေးတို့ကို ပေါင်းစပ်ဆောင်ရွက်နိုင်မှသာ နိုင်ငံတကာအဆင့်တွင် ယှဉ်ပြိုင်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် (၃၄) ကြိမ်မြောက် SEA Games အတွက် ပြင်ဆင်မှုများသည် မြန်မာ့အားကစားစနစ်တစ်ခုလုံးကို အဆင့်မြှင့်တင်ပေးနိုင်မည့် အခွင့်အရေးတစ်ခုဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ယခင် SEA Games ပြိုင်ပွဲများတွင် အားကစားနည်းအချို့၌ အောင်မြင်မှုများစွာ ရရှိခဲ့ဖူးပါသည်။ သို့သော် အခြားနိုင်ငံများ၏ အားကစားဖွံ့ဖြိုးမှု အရှိန်အဟုန်မြင့်မားလာခြင်းနှင့် ပြိုင်ဆိုင်မှု ပိုမိုပြင်းထန်လာခြင်းတို့ကြောင့် အနာဂတ်တွင် အောင်မြင်မှုများ ဆက်လက်ရရှိစေရန် လူငယ်မျိုးဆက်သစ်များကို စနစ်တကျ ရွေးချယ်ပြုစုပျိုးထောင်ရန်၊ အခြေခံအဆင့်မှစ၍ လေ့ကျင့်ပေးရန်နှင့် ရေရှည်စီမံကိန်းများဖြင့် အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။

အနာဂတ်မြန်မာ့အားကစား၏ အဓိကအခြေခံသည် လူငယ်အားကစားသမားများဖြစ်သည်။ ကျောင်းအားကစား၊ လူငယ်အားကစားနှင့် ဒေသအလိုက်ပြိုင်ပွဲများကို ပိုမိုကျယ်ပြန့်စွာ ကျင်းပပေးခြင်းဖြင့် ထူးချွန်သောအားကစားသမားများကို အချိန်မီရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်သည့်အပြင် ပြည်နယ်နှင့်တိုင်းဒေသကြီးများအတွင်း လေ့ကျင့်ရေးစင်တာများ၊ အားကစားအကယ်ဒမီများနှင့် ခေတ်မီအားကစားကွင်းများကို တိုးချဲ့တည်ဆောက်ပေးခြင်းသည်လည်း အရေးကြီးသောကဏ္ဍတခုဖြစ်ပါသည်။ အားကစားနည်းပြများ၏ အရည်အသွေးမြင့်မားရေးသည်လည်း အနာဂတ် အောင်မြင်မှုအတွက် အဓိကကျသောအချက်တချက်ဖြစ်ပါသည်။ နိုင်ငံတကာအဆင့် နည်းပြသင်တန်းများ၊ အတွေ့အကြုံဖလှယ်မှုများနှင့် နိုင်ငံခြား လေ့လာရေးအစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်ပေးရမည်။ အရည်အချင်းပြည့်ဝသော နည်းပြများရှိမှသာ အားကစားသမားများ၏ စွမ်းဆောင်ရည်ကို အမြင့်ဆုံးအဆင့်သို့ မြှင့်တင်နိုင်မည်ဖြစ်သည်။

ထို့အပြင် အားကစားသိပ္ပံကို ပိုမိုအသုံးချ၍ အားကစားသမားများ၏ ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ အာဟာရ၊ ဒဏ်ရာကာကွယ်ရေး၊ ပြန်လည်သန်စွမ်းရေးနှင့် စိတ်ပိုင်းဆိုင်ရာ ပြင်ဆင်မှုတို့ကို စနစ်တကျ ဆောင်ရွက်ပေးနိုင်ပါက နိုင်ငံတကာပြိုင်ပွဲများတွင် ယှဉ်ပြိုင်နိုင်စွမ်း ပိုမို မြင့်မားလာမည်ဖြစ်ပါသည်။

(၃၄) ကြိမ်မြောက် SEA Games သည် မြန်မာအားကစားသမားများအတွက် မိမိတို့၏စွမ်းရည်ကို သက်သေပြနိုင်သည့် စင်မြင့်တစ်ခုဖြစ်သကဲ့သို့ နိုင်ငံအတွက်လည်း အားကစားမူဝါဒများကို ပြန်လည်သုံးသပ်ကာ ပိုမိုကောင်းမွန်သော အနာဂတ်ကို တည်ဆောက်ရန် အခွင့်အရေးတစ်ရပ်လည်းဖြစ်ပါသည်။ အောင်မြင်မှုရရှိခြင်းသည် ဆုတံဆိပ်အရေအတွက်ဖြင့်သာ မသတ်မှတ်ဘဲ လူငယ်အင်အား ဖွံ့ဖြိုးလာခြင်း၊ စနစ်တကျ လေ့ကျင့်ရေး ယန္တရားများ ပိုမိုကောင်းမွန်လာခြင်းနှင့် အားကစားယဉ်ကျေးမှု တိုးတက်လာခြင်းတို့ဖြင့်လည်း တိုင်းတာရမည်ဖြစ်သည်။

မြန်မာ့အားကစား အနာဂတ်ကောင်းမွန်စေရန် အစိုးရ၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားအဖွဲ့ချုပ်များ၊ ပုဂ္ဂလိကကဏ္ဍ၊ ကျောင်းများ၊ မိဘများနှင့် ပြည်သူလူထုအားလုံး၏ ပူးပေါင်းပါဝင်မှု လိုအပ်ပါသည်။ အားကစားကို နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၏ အရေးပါသောကဏ္ဍအဖြစ် ရင်းနှီးမြှုပ်နှံ နိုင်မှသာ အောင်မြင်မှုများ ရေရှည်တည်တံ့နိုင်မည်ဖြစ်သည်။

နိဂုံးချုပ်အားဖြင့် (၃၄) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသည် မြန်မာ့အားကစားလောကအတွက် စိန်ခေါ်မှုနှင့် အခွင့်အလမ်းတို့ ပေါင်းစပ်ထားသောအရေးကြီးသည့် မှတ်တိုင်တစ်ခုဖြစ်သည်။ ယင်းပြိုင်ပွဲမှ ရရှိလာသော အတွေ့အကြုံများ၊ သင်ခန်းစာများနှင့် အောင်မြင်မှုများကို အခြေခံကာ ရေရှည်ဖွံ့ဖြိုးရေး စီမံကိန်းများကို အကောင်အထည်ဖော်နိုင်မည်ဆိုပါက မြန်မာနိုင်ငံသည် အနာဂတ်တွင် SEA Games သာမက အာရှနှင့်ကမ္ဘာ့အဆင့် ပြိုင်ပွဲများတွင်လည်း ဂုဏ်ယူဖွယ်အောင်မြင်မှုများ ရရှိလာနိုင်မည်ဖြစ်သည်။ ထိုသို့သော အနာဂတ်ကို တည်ဆောက်နိုင်ရန် ယနေ့မှစတင်၍ စည်းလုံးညီညွတ်စွာ၊ စနစ်တကျနှင့် ရေရှည်မျှော်မှန်းချက်ဖြင့် ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ ထိုအခါ "(၃၄) ကြိမ်မြောက် SEA Games မှသည် အနာဂတ်မြန်မာ့အားကစား" ဟူသော မျှော်မှန်းချက်သည် လက်တွေ့အောင်မြင်မှုအဖြစ် အသီးအပွင့်များ ပေါ်ထွက်လာမည်ဖြစ်ပါသည်။

**အားကစားအမျိုးအစား (၄) မျိုး**

၁။ Competitive Sport – ယှဉ်ပြိုင်အားကစား
၂။ Leisure Sport – အပန်းဖြေအားကစား
၃။ Traditional Sport – ရိုးရာအားကစား (ခြင်းလုံး၊ သိုင်း၊ လက်ဝှေ့၊ နပန်း၊ ကျင်၊ ထုပ်ဆီးတိုး)
၄။ Mass Sport – လူထုအားကစား

# (၃၄) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အလေးမ၊ ဝူရှူးနှင့် Teqball အားကစားအဖွဲ့များ အားကစားနည်းအလိုက် လေ့ကျင့်မှုများပြုလုပ်





ရန်ကုန် ၊ ဇူလိုင် ၂၈

တာမွေမြို့နယ်၊ ကျိုက္ကဆံအားကစားကွင်းအတွင်းရှိ သက်ဆိုင်ရာ အားကစားကွင်း/အားကစားရုံများတွင် (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အလေးမ၊ ဝူရှူးနှင့် Teqball အားကစားအဖွဲ့များ၏ အားကစားနည်းအလိုက် လေ့ကျင့်နေမှုများကို ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် မြန်မာ့အားကစားကဏ္ဍ တိုးတက်မြင့်မားစေရေးနှင့် အောင်မြင်မှုရရှိရေးအတွက် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အလေးမအားကစားရုံ၌ ပဏာမလက်ရွေးစင် အလေးမအားကစားသမားများ၏ လေ့ကျင့်နေမှုအားလည်းကောင်း၊ ဝူရှူးအားကစားလေ့ကျင့်ရေးရုံ၌ ပဏာမလက်ရွေးစင် ဝူရှူး(ထောက်လု)အားကစားသမားများ၏ လေ့ကျင့်နေမှုအားလည်းကောင်း၊ Teqball အားကစားရုံ၌ ပဏာမလက်ရွေးစင် Teqball အားကစားသမားများ၏ လေ့ကျင့်နေမှုအားလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် အားကစားနည်းများအလိုက် အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားကစားသမားများအားလုံး စိတ်ဓာတ်ခွန်အားများရရှိစေရန်၊ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်မှုရှိစေရေးအတွက် အားကစားနည်းအလိုက်လေ့ကျင့်မှုများ၊ သတ်မှတ်စံချိန်စံညွှန်းများရရှိပြီး နိုင်ငံတော်အတွက် ရွှေတံဆိပ်ဆုများရရှိအောင် အစွမ်းကုန်ကြိုးစားအားထုတ်သွားရန်လိုကြောင်း၊ နည်းပြများ၏ လေ့ကျင့်သင်ကြား ပြသပေးမှုများကို ကြိုးစားလိုက်နာသင်ယူ၍ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်အောင် ဆက်လက်ကြိုးစားလေ့ကျင့်သွားကြရန် တိုက်တွန်းမှာကြားခဲ့ပြီး အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ၏ တင်ပြချက်များနှင့် လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ မြန်မာ့အားကစားကဏ္ဍ တိုးတက်မြင့်မားစေရန်နှင့် (၃၄) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အောင်မြင်မှုဆုတံဆိပ်များ ရရှိစေရေးအတွက် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ညှိနှိုင်းအစည်းအဝေးကို အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်ချိန် တစ်နှစ်ကျော်ခန့်သာ ကျန်ရှိတော့ကြောင်း၊ မြန်မာ့အားကစား အောင်မြင်တိုးတက်ရေးအတွက် တာဝန်ရှိသူများအားလုံး ဘက်ပေါင်းစုံမှ နည်းလမ်းကောင်းများ၊ အကြံဉာဏ်ကောင်းများဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင် ကြိုးစားဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ (၂) ညွှန်ကြားရေးမှူးက (၃၄) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်မလေးရှားနိုင်ငံမှ ထည့်သွင်းကျင်းပမည့် အားကစားနည်းများ၊ မိမိတို့မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ရန်လျာထားသည့် အားကစားနည်းများ၊ အောင်မြင်မှုဆုတံဆိပ်များရရှိနိုင်မည့် အားကစားနည်းများ၊ နေပြည်တော်နှင့် ရန်ကုန်မြို့တို့၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားအဖွဲ့များ၏ နေထိုင်စားသောက်နေမှုများ၊ လေ့ကျင့်နေမှုများနှင့်စပ်လျဉ်း၍ အသေးစိတ်တင်ပြဆွေးနွေးခဲ့ပြီးနောက် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အားကစားအဖွဲ့ချုပ်များ ပြန်လည်ပြင်ဆင်ဖွဲ့စည်းနိုင်ရေး၊ စခန်းသွင်းအားကစားနည်းများအား စနစ်တကျ စိစစ်ကြပ်မတ်လေ့ကျင့်နိုင်ရေး၊ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအား ဂရုစိုက်ဆောင်ရွက်နိုင်ရေး၊ အခြားလိုအပ်ချက်များနှင့်ပတ်သက်ပြီး ဖြည့်စွက်ဆွေးနွေးခဲ့ရာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့အားကစားအောင်မြင်မှုရရှိရေးအတွက် အားကစားရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၊ အားကစားနည်းအလိုက် အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများအားလုံး ဟန်ချက်ညီညီဖြင့်လက်တွဲ၍ အတူတကွ ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ပြီး အစည်းအဝေးအားရုပ်သိမ်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ စားရိပ်သာသို့သွားရောက်၍ သင်တန်းသား/သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး အားကစားပိုင်းတွင်သာမက ပညာရေးပိုင်းမှာပါ ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်က အားကိုးအားထားပြုရသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်အောင် ဆက်လက်ကြိုးစားအားထုတ်လေ့ကျင့်သွားရန် မှာကြားခဲ့ပြီးနောက် သင်တန်းသား/သင်တန်းသူများနှင့်အတူ နေ့လည်စာ အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။